EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၅)၊ စက်တင်ဘာလ(၂၇) ရက်၊ ၂၀၁၆

## ဆည်တော်ကြီးဒေသ၌ တရားမဝင်သစ်နှင့် သစ်စက်များ မရှိကြောင်း နယ်လုံဝန်ကြီးပြောကြား




စက်တင်ဘာလ ၂၁၊ ၂၀၁၆

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် ဆည်တော်ကြီးဒေသသို့ ကွင်းဆင်းလေ့လာခဲ့သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တရားမဝင် သစ်ထုတ်လုပ်နေမှုများ၊ သစ်စက်လည်ပတ်နေခြင်းများကို အရေးယူဆောင်ရွက်နိုင်ရန် လွှတ်တော်၌ တင်ပြခဲ့ခြင်းအပေါ် အဆိုပါဒေသများ၌ တရားမဝင်သစ်စက်များမရှိကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးဝင်းအောင်က ပြန်လည်ဖြေကြားခဲ့သည်။

စက်တင်ဘာ ၂၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ကိုယ်စားလှယ်ဒေါက်တာကျော်ဦးက " ဆည်တော်ကြီးရေဆိပ်မှာ သစ်စက်ရှိသလို တောင်စောင်းတွေ၊ တောင်ခြေတွေမှာလည်း သစ်စက်တွေအများကြီးပဲ၊ အထက်က စစ်ဆေးတဲ့အခါ အဖမ်းခံရမယ်ဆိုရင် အလှည့်ကျအဖမ်းခံမယ်ဆိုပြီးတော့တောင်သိရတယ်။ အချင်းသုံးပေ၊ လေးပေရှိတဲ့ သစ်တွေကို ထင်းလိုပဲပုံများရိုက်ပြီး မန္တလေးမြို့ပေါ်က ပရိဘောဂလုပ်တဲ့ ဆိုင်တွေကိုပို့တယ်။”

ညပိုင်းအချိန် ဆည်တော်ကြီးကနေ မန္တလေး မိုးကုတ်လမ်းပေါ်ရောက်ဖို့ ဌာနဆိုင်ရာ စစ်ဆေးရေးဂိတ် ၁၀ ခု ဖြတ်ရတယ်။ ကမ်းစပ်တွေမှာသစ်တွေ စုပုံထားတာ တွေ့ရတယ်။ ၁၂ ဘီးကားတွေ၊ ထော်လာဂျီတွေနဲ့ တင်နေတာ တွေ့ခဲ့ရတယ်။ ဒီလိုတွေ တရားမဝင် လုပ်နေတာကို မန္တလေးမြို့နဲ့ နီးကပ်နေပေမဲ့ ဥပဒေအကြောင်းအရ မထိန်းသိမ်းမတားဆီးနိုင် ဖြစ်နေရတဲ့အကြောင်း သိရှိလိုကြောင်း"ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

"မန္တလေးတိုင်းဒေသကြီး အတွင်းမှာ သစ်တောဝန်ထမ်းတွေက စစ်ဆေးလို့ ရိုက်နက်ခံခဲ့ရတာမျိုး မရှိခဲ့ပါဘူး။ ဆည်တော်ကြီးဇရိယာအတွင်းမှာ တရားမဝင်သစ်စက်မရှိသလို သစ်ခိုးထုတ်နေတာတွေလည်း မရှိပါဘူး။ ဆည်တော်ကြီးကနေ မန္တလေးအထိ စစ်ဆေးရေးဂိတ် ၁၀ ခုဆိုတာ မရှိပါဘူး။ ရွှေကျင်မှာပဲ တရားဝင်ဂိတ် တစ်ခု ရှိပါတယ်။ ပိုက်ဆံတောင်းခံတယ် ဆိုတာလည်း မရှိပါဘူး” ဟု မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးဝင်းအောင်က ပြန်လည် ဖြေကြားခဲ့သည်။

"ကျွန်တော်မေးတဲ့ မေးခွန်းနဲ့အဖြေနဲ့က တခြားစီဖြစ်နေသလို ကျွန်တော်ကိုယ်တိုင် သက်သေသာဓကနဲ့ တင်ပြခဲ့တာကို မရှိဘူးဆိုပြီး ဖြေလိုက်တော့ ကျေနပ်အားရမှုတော့ မရှိဘူး။ အခုလိုဖြစ်နေတော့ နောက်ထပ်မေးထားတဲ့ မေးခွန်းတွေရဲ့ အဖြေတွေကို မျှော်လင့်မထားတော့ဘူး။ လွှတ်တော် နဲ့ အစိုးရအဖွဲ့ကြားမှာ တင်းမာမှုမရှိအောင် ဖြေဆိုခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ နယ်လုံဝန်ကြီးနဲ့ အခုကိစ္စတွေအတွက် ဆွေးနွေးသွားဦးမှာပါ" ဟု ဒေါက်တာကျော်ဦးက မြန်မာတိုင်း(မ်) ကို လွှတ်တော် အပြီးတွင် ပြောကြားခဲ့သည်။

*(ကိုးကား - Myanmar Times မှ ကောက်နုတ်တင်ပြသည်။)*

## သတင်းဓာတ်ပုံ




စက်တင်ဘာလ ၂၀ ရက်နေ့ ကချင်ပြည်နယ်လွှတ်တော် စားရိတ်သာ အဆောက်အဦးသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပနေစဉ်။

## သံလွင်မြစ်ပေါ် တည်ဆောက်မည့် ရေကာတာ စီမံကိန်းခြောက်ခုကိစ္စ ပြည်ထောင်စုအစိုးရသို့ မေးရန် ရှမ်းပြည်နယ်အစိုးရဝန်ကြီးပြော

စက်တင်ဘာလ ၂၁၊ ၂၀၁၆

ရှမ်းပြည်နယ်အတွင်း သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ရေကာတာစီမံကိန်း ခြောက်ခုနှင့်ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော်သို့ မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုအစိုးရသို့သာ မေးမြန်းရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြန်လည်ဖြေကြားခဲ့သည်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် စက်တင်ဘာ ၂၀ ရက်တွင် သီနွီ မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါ်နန်းခင်ထားရီ၏ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့မှုအပေါ် ဝန်ကြီးဦးစိုးညွန့်လွင်က ဖြေဆိုခဲ့ခြင်းဖြစ်သည်။ "ရှမ်းပြည်နယ်အတွင်းမှာ ရေအား လျှပ်စစ်ဖော်ဆောင်တဲ့ စီမံကိန်းတွေမှာ ပြည်နယ်အစိုးရက ၃၀ မဂ္ဂါဝပ်အောက်အထိသာ စီမံခန့်ခွဲခွင့်ရှိပါတယ်။ အဲဒီထက်ကျော်ရင်တော့ ပြည်ထောင်စုအစိုးရအဆင့်မှသာ မေးမြန်းသင့်ပါတယ်" ဟု ဦးစိုးညွန့်လွင်က ပြောသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ရေကာတာစီမံကိန်းခြောက်ခုကို မည်သည့် ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည့်အကြောင်း သိရှိလိုကြောင်း၊ မည်သည့်အချိန်ကာလတွင် စတင်တည်ဆောက်၍ မြန်မာနိုင်ငံဘက်မှ အကျိုးအမြတ် မည်မျှရရှိနိုင်မည်ကို သိရှိလိုကြောင်းနှင့် သဘာဝသယံဇာတပျက်စီးမှုစစ်တမ်း မည်သို့လုပ်ဆောင်ထားသည်တို့ကို သိရှိလိုကြောင်း မေးမြန်းခဲ့ခြင်းဖြစ်သည်။"ဒေသခံတွေရဲ့ သဘောဆန္ဒမပါဘဲ သံလွင်မြစ်ပေါ်မှာ ရေကာတာတည်ဆောက်မယ်ဆိုရင် ဒေသခံတွေဘက်ကလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ကြမှာပါ" ဟု ဒေါ်နန်းခင်ထားရီက ပြောသည်။

*(ကိုးကား - www.7daydaily.com ကောက်နုတ်တင်ပြသည်)*

## ရေဝတီတိုင်းလွှတ်တော် ဒီဇိုင်းတင်ဒါ ခေါ်ယူရာတွင် ကုမ္ပဏီ ၃၀ ကျော် လာရောက်လေ့လာ

စက်တင်ဘာလ ၁၇၊ ၂၀၁၆

ပုသိမ်မြို့တွင် တည်ဆောက်မည့် ဧရာဝတီတိုင်းလွှတ်တော်ဒီဇိုင်းအတွက် တင်ဒါခေါ်ယူထားရာ နှစ်ရက်အတွင်း ကုမ္ပဏီသုံးဆယ်ကျော် လာရောက်လေ့လာကြောင်း လွှတ်တော်ရုံးမှ သတင်းရရှိသည်။ လွှတ်တော်တည်ဆောက်မည့် မြေနေရာသည် ၁၂ ဧကအကျယ်ရှိသည့်အနက် လွှတ်တော်အဆောက်အအုံကို မြေ ၅ ဧကပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး မြေနေရာအနိမ့်အမြင့်မတူညီမှုများ၊ မြေသိပ်သည်းဆများကို စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် လာရောက်လေ့လာရန် နိုင်ငံပိုင်သတင်းစာများ၌ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

"စိတ်ဝင်စားတဲ့ ကုမ္ပဏီတွေက လွှတ်တော်ဒီဇိုင်းရေးဆွဲပြီး တင်လာမယ့်တင်ဒါတွေကို မြန်မာနိုင်ငံဗိသုကာအသင်းက ချမှတ်ပေးတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ပွင့်လင်းမြင်သာစွာ ရွေးချယ်မယ်" ဟု လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်က ပြောကြားသည်။ လွှတ်တော်အဆောက်အအုံတည်ဆောက်မည့်မြေနေရာသည် ပုသိမ်လေယာဉ်ကွင်းအနီးတွင်ဖြစ်သဖြင့် အဆောက်အအုံအမြင့်နှင့်သက်ဆိုင်ရာ လေကြောင်းဦးစီးဌာန၏ ခွင့်ပြုချက် လိုအပ်သည်ဟု လာရောက်လေ့လာသည့် မြန်မာမီလျံဂရု(ပ်) မှ မန်နေဂျင်းဒါရိုက်တာ ဦးလှမြင့်က လွှတ်တော်အဆောက်အအုံတည်ဆောက်ရေးကော်မတီအား အကြံပြုသည်။

လွှတ်တော်အဆောက်အအုံတည်ဆောက်ရန် ဒီဇိုင်းနှင့်ပတ်သက်သည့် တင်ဒါခေါ်ယူခြင်းသာဖြစ်ပြီး ဒီဇိုင်းရွေးချယ်ပြီးမှသာ တည်ဆောက်ရေးအတွက် တင်ဒါဆက်လက်ခေါ်ယူမည်ဖြစ်သည်။ တည်ဆောက်ရေးတင်ဒါခေါ်သည့်အခါတွင် မည်သည့်ကုမ္ပဏီမဆို ဝင်ရောက်လျှောက်ထားနိုင်ပြီး အမှတ်ပေးစနစ်ဖြင့် တည်ဆောက်မည့်ကုမ္ပဏီအား ရွေးချယ်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောသည်။

*(ကိုးကား - www.7daydaily.com မှ ကောက်နုတ်တင်ပြသည်)*


ဓာတ်ပုံ - Mon State Hluttaw Website

၂၀-၉-၂၀၁၆ရက်နေ့ မွန်ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမတွင် မွန်ပြည်နယ်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ်အတွင်းရှိ အကြီးစားရင်းနှီးမြှုပ်နှံမှုများကို သုသေနပြုလုပ်ထားသော "လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများမှ ဆက်စပ်ဖြစ်ပေါ်လာသော မြေယာအခွင့်အရေးများနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသဘောထားများအကြောင်း ရှင်းလင်းတင်ပြပွဲ" နှင့် "မွန်ပြည်နယ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆန်းစစ်ခြင်း အစီရင်ခံစာ အလုပ်ရုံဆွေးနွေးပွဲ" ကို ကျင်းပနေစဉ်။

ပြည်နယ်နှင့်
တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်
မြန်မာသုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
---------
၀၉ ၂၆၀၀၀၇၅၁၉

www.emref.org
www.facebook.com/emrmyanmar

## သတင်းတို

➤ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပရန် စက်တင်ဘာ ၁၄ ရက်က ထုတ်ပြန်ကြေညာခဲ့သော်လည်း အစိုးရအဖွဲ့အတွက် ဘတ်ဂျက်များ အတည်ပြုရန်ရှိနေခြင်းကြောင့် မူလသတ်မှတ်ထားသည့် ပုံမှန်အစည်းအဝေးအစား အောက်တိုဘာ ၃ ရက်တွင် အထူးအစည်းအဝေး သတ်မှတ်ခေါ်ယူလိုက်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်က ပြောကြားသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

➤ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အသစ်ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ဦးက ပြောကြားခဲ့သည်။

*(ကိုးကား - The Mandalay News Journal မှ ကောက်နုတ်တင်ပြသည်)*

### ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၁၀ | _ | ၁ | ၁၁ |
| ၂။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၁၀ | _ | _ | ၁၀ |
| ၃။ | တိုင်ကြားစာများ စိစစ်ရေးကော်မတီ | ၅ | _ | _ | ၅ |
| ၄။ | ဘတ်ဂျက်စိစစ်ရေးကော်မတီ | ၅ | _ | _ | ၅ |
| ၅။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၅ | _ | _ | ၅ |
| ၆။ | အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | ၅ | _ | _ | ၅ |
| ၇။ | ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေးကော်မရှင် | ၂ | _ | ၄ | ၆ |

### ဒုတိယအကြိမ် စစ်ကိုင်းတိုင်းလွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၆ | ၁ | _ | ၇ |
| ၂။ | တိုင်းရင်းသာလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၆ | ၁ | _ | ၇ |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၄။ | ဘဏ္ဍာရေးဆိုင်ရာကော်မတီ | ၉ | ၁ | _ | ၁၀ |
| ၅။ | တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ | ၈ | ၁ | _ | ၉ |
| ၆။ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီ | ၄ | ၁ | _ | ၅ |

### ဒုတိယအကြိမ် တနင်္သာရီတိုင်းလွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ | ၄ | ၁ | _ | ၅ |
| ၂။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၆ | ၁ | _ | ၇ |
| ၃။ | တိုင်းရင်သားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၅ | | _ | ၅ |
| ၄။ | ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၅။ | အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များနှင့် တိုင်ကြားစာ၊ အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီ | ၄ | ၁ | _ | ၅ |
| ၆။ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ရေးရာကော်မတီ | ၆ | ၁ | _ | ၇ |

EMReF
Enlightened Myanmar Research Foundation

ထွက်ရှိပြီးသော သတင်းစာစဉ်များတွင် ပြည်နယ်လွှတ်တော်များရှိ ရေးရာကော်မတီများကို ဖော်ပြပြီးဖြစ်သည်။

ကျန်တိုင်းဒေသကြီး လွှတ်တော် ရေးရာကော်မတီများကို အလျဉ်းသင့်သလို ဆက်လက် ဖော်ပြပေးသွားပါမည်။

အချက်အလက် အရင်းအမြစ် - EMReF